# ကမ္ဘာမြေရှေ့ နေပါသည်။

"ကျနော်   ညတုန်းက ဖျားလို့ဗျာ.. အဲဒါဆေးမှူးက ထမင်းမစားနဲ့ဦး.. ကော်ဖီလေး နို့လေးသောက်ဆိုလို့.. အကိုတို့ ဝိုင်းမှာများ နို့မှုန့်လေး သကြားလေး ရှိဦးမလား လို့.." ကျနော် စာခိုးဖတ်နေရင်း အသံကြားလို့ မော့ကြည့်လိုက်တော့ ကိုညီညီ။ "အင်း..ရှိတယ် ကိုညီ..ခဏလေး.." "ဆောရီးနော် ကျနော်က အကို ဒီတိုင်းထိုင်နေတာ မှတ်လို့..." "ရပါတယ် ကိစ္စမရှိပါဘူး.."ဟု ပြန်ဖြေရင်း အစားအသောက်ထည့်သည့် အိတ်များကိုလှန်လှော်ပြီး ဟိုနှိုက် သည် နှိုက်လုပ်ရတော့သည်။ ကြွပ်ကြွပ်အိတ်တွေဆိုတော့ အသံက တကြွပ်ကြွပ်။ အနားတွင်ထိုင်ပြီး ပုတီးစိတ်နေသည့် ကိုအောင်ခိုင်က ကိုညီညီ လာပြော သည်ကိုရော ကျနော် လှုပ်လှုပ် လှုပ်လှုပ်လုပ်သည်ကိုရော အစအဆုံး ကြားပုံ ရသည်။ စိတ်လက်စပုတီးကုံးကို လက်မလက်ညှိုးနှင့်ညှပ်လိုက်ပြီး ထလာ၏။ "ကိုညီရေ..ရော့ နို့မှုန့် တဝက်လောက်ရှိသေးတယ်..ဒါက သကြား..မုန့်ကြွပ်တွေလည်း ရှိသေး တယ်.. ယူသာသွားတော့.." ဟာ..အများကြီးပဲ.. ကျ နော် အဲလောက်မလိုပါဘူး...နည်းနည်းပဲ ခွဲယူသွားမယ်.." ရတယ် ကိစ္စမရှိဘူး..ယူသာသွား။ ဒီလထောင်ဝင်စာနီးပြီ.. လိုရ မယ်ရ ဆောင်ထားတာ ပဲဟာ.."

ကျနော်ထုတ်ပေးလိုက်သည့် နို့မှုန့်၊ သကြားနှင့် မုန့်ထုတ်ကို ကြည့်ရင်း ကိုအောင်ခိုင်က "မုန်းစမ်း ခင်ဗျား နို့မှုန့်..." ဟုဆိုကာ အထုတ်အောက်ခြေပိုင်းကို ကပ်ပြီး သေသေ ချာချာ ကြည့်လိုက်သည်။ ပြီးတော့မှ "အင်း..သက်တမ်းတော့ မကုန်သေးဘူး..ဒါပေမယ့် ခင်ဗျားအထုတ်က ဖေါက်ထားပြီးသားကြီး.. ကောင်းတော့ ကောင်းဦးမယ် ထင်တာ ပဲ.. မသေချာဘူး.. ကျနော့်မှာအသစ်ရှိတယ် ကိုညီ.. လတ်လည်းလတ်တယ် အမျိုးအစားလည်းပိုကောင်းတယ် ကာနေရှင်းနို့မှုန့်ပဲ.. ရော့..ဒါသာယူသွား.. အဲဒါ ပြန်ပေး လိုက်" ကျနော် ကိုအောင်ခိုင်အပြောကြောင့် စိတ်ထဲနည်းနည်း ခုတုတုဖြစ်သွားသည်ကို ကိုညီ ရော သူပါရိပ်မိပုံရသည်။ ကိုညီက အားတုံ့အားနာဖြင့် "ရပါတယ် ကိုအောင် ခိုင်.. နေပါ့စေ..ကျေးဇူးပဲ.. ကျနော် ဒါပဲယူသွားမယ်" "မဟုတ်တာ ကိုညီ ရယ် ကျနော်က စေတနာနဲ့ ပြောတာပါ.. အဲဒီနို့မှုန့်က တရုပ်လုပ်ကြီးဗျာ.. ဒါ့အပြင် ဖေါက်လည်း ဖေါက်ထားပြီးသားကြီး.. သာမန်အချိန်မှာ သောက်ရင် တောင် အာဟာရ မပြည့်ပါဘူး.. အခုဟာက ဖျားလည်း ဖျားနေတာ.. အားရှိဖို့ လိုတယ်လေ..မတော် ဝမ်းတွေ ဘာတွေ ပျက်ရင် ဖျားနေရတဲ့ကြားထဲ.. ပို ဆိုးမယ်.. ရော့ပါ..ယူသာသွားပါ..အားမနာနဲ့" ပြောလည်းပြော ပေးလည်းပေးလိုက်သည်။ ကိုညီလည်း ယူသာသွားရသည် ကျနော့်ကို အားနာနေ သ ယောင်။ ကာနေးရှင်း ဘယ်လောက်ကောင်းမှန်း ကျနော်အသေအချာ မပြောနိုင်သော်လည်း တရုပ်ထုတ် လိပ်ပြာနို့မှုန့်ကား ကျနော်တို့ ငယ်ငယ်က သောက်ခဲ့သည့် လူရည်ချွန် နို့မှုန့်လောက် မကောင်းကြောင်းသိပါသည်။ ယခု လူရည်ချွန်လည်းမရှိတော့။ စျေးသက်သာပြီးအများသုံး လိပ်ပြာများ မြန်မာ ပြည် နေရာအတော်များများ တွင် ပျံဝဲနေကြလေပြီ။

.

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာဘုရားဖူးမှ ပြန်လာသည့် အမေ့နားတွင် အဆွေအမျိုးများ၊ မိတ်ဆွေများ၊ ရပ်ဆွေရပ်မျိုးများ ဝိုင်းဝိုင်းလည်။ တချို့က အမေ့ကို နိုင်ငံခြားဆိုတာ ဘာနဲ့ တူကြောင်းမေးကြသည်။ တချို့ ရာသီဥတုအကြောင်း၊ တချို့က အစားအသောက်အကြောင်း၊ တချို့ လေယဉ်စီးတဲ့ အကြောင်း၊ တ ချို့က မက္ကာမဒီနာ အကြောင်း၊ စုံ နေသည်။ ဘေးက နားထောင်နေသည့် ကျနော်ကသာ မောနေသော်လည်း အမေကတော့ မမောတမ်းပြန်ဖြေ၏။ နည်း နည်းလေး အချိန်လင့်လာတော့မှ အမေက ဆော်ဒီမှ သူဝယ် လာသည့် လက်ဆောင်ပစ္စည်းထုတ်ကို ထုတ်ခိုင်းပြီးဖြည်၏။ တော်တော်လေးစုံသည်။ ဒါ တွေ အားလုံးကို သူဆော်ဒီအာရေဗျက ဝယ်လာမှန်းကျနော်သိသည်။ ကိုရ် အန်ကျမ်း စာအုပ်အဝင် အခြားအစ္စလာမ်ကျမ်းစာများ ထွင်းထုရေးသား ထား သည့် ဖန်တုံး ဖန်ပြားလေးများ၊ မက္ကာမဒီနာနှင့် ဆော်ဒီမှ ဘာသာရေးအရ သမိုင်းဝင် နေရာများကို ရုပ်ကြွပုံသွင်း ထားသည့် ဖန်ထည်များ၊ ပရောဖက် မို ဟာမက်ဝတ်ပြုခဲ့ရာ ကျောင်းတော်ပုံစံငယ်၊ အစ္စလာမ်ဘုရားဖူး အမျိုးသမီးဝတ်စုံ၊ ခြုံထည်များပုဝါများ၊ အစ္စလာမ်ဘာ သာဝင်တိုင်း အထွဋ် အမြတ်တန်ဖိုး ထားကြသည့် အမှတ်တရအောက်မေ့ဖွယ်အရာများ စုံနေသည်။ ဒါက ဘယ်သူ့အတွက် ဒါကဘယ်ဝို့အတွက်ပြောပြီး ခွဲတမ်းချ နေသည့် အမေ့ဘေးတွင် ထိုင်ကာ ကျနော်က ထိုပစ္စည်းများကို တခုချင်း တခုချင်း သေသေချာချာ ကြည့်မိ၏။ လက်ရာလေးတွေက ဖန်စီဆန်ပြီးလှနေသည်။ သိပ် အခန့်ကြီးတွေ မဟုတ်ကြ။ စျေးကလည်း အလွန်သက်သာသည်။ လိုချင် သိမ်းချင်စရာလေးတွေ။ ဟယ်..အားလုံး တရုပ်လုပ်တွေချည်းပဲ..တအံ့တသြ အသံကြားတော့မှ ကျနော်လည်း ကြည့်မိတော့၏။ ဟုတ်နေသည်။ ဘုရားဖူးပြန် အထွဋ်မြတ်အမှတ်တရပစ္စည်းတိုင်းတွင် နဂါးကြီးခံတွင်းမှ မှုတ်ထုတ်လိုက်သည့် မီးလျှံများ ဟပ်နေပြီကော။

ကျနော်ထိုင်းရောက်တော့ ကွန်ပြူတာနှင့် စတွေ့ရသည်။ ဒီ့အရင်က ကွန်ပြူတာဆိုတာ လက်နှိပ်စက်နဲ့ တယ်လီဗေးရှင်းစပ်ထားတဲ့ဟာ လို့သာထင်ခဲ့ ဖူးသူ။ နောက်တော့ အခန့်သင့်ပြီး ကွန်ပြူတာတလုံးဝယ်ဖြစ်ရန် ဖန်လာ၏။ နားလည်သည့်သူငယ်ချင်းတဦးက အကြံပေးသည်။ "ဒီမှာတော့ အိပ်ချ်ပီနဲ့ ဒဲလ် လူသုံးများတယ်။ ခင်ဗျား သုံးမယ့် အနေအထားနဲ့ဆို အိပ်ချ်ပီဝယ်တာပိုကောင်းတယ်.." ဆိုသောကြောင့် ကျနော်သူပြောတာပဲဝယ်မည်ဟု ဆုံး ဖြတ်လိုက်သည်။ ကွန်ပြူတာအရောင်းဆိုင်ထဲရောက်တော့ တွေ့ သမျှအကုန်လုံးသာ ဝယ်လိုက်ချင်တော့သည်။ ကိုယ်နှင့်အသုံးတည့်သလား မတည့်သ လားသာမသိ။ နောက်တော့ သူငယ်ချင်းကပဲ ရွေးချယ်ဆုံးဖြတ်ပြီးဝယ်လိုက်သည်။ အိပ်ချ်ပီကွန်ပြူတာ။ အိမ်ပြန်ရောက်တော့ သူကပဲ ဆင်ပေးသည်။

ကျနော် ဘေးထိုင်ကြည့် ငေးသူသက်သက်။ "ခင်ဗျား ဆော့ဖ်ဝဲအသစ်တချို့ ဝယ်ရမယ်။ ကျနော့်ရှိတာတော့ တခါတည်း အင်စတောလ် လုပ်ပေးသွားမယ်။ ကျန်တာတော့ ဟို...ဆိုင်ကြီးမှာ ဝယ်တာလည်းဝယ်မယ်။ အပြင်မှာဝယ်တာလည်းဝယ်မယ်" " အင်းလေ..ခင်ဗျားပဲ ကြည့်ကျက် လုပ်ပေးပါ။ ကျနော် နားလည်တာမဟုတ်တော့" "ရပါတယ် မနက်ဖြန်လောက်ပေ့ါဗျာ" "ဒါပေမယ့် တခုတော့ရှိတယ်နော် ကျနော် တရုပ်ပစ္စည်းတွေတော့ မလိုချင်ဘူး" "ဘာဖြစ် လို့လဲဗျ" "သူများတွေပြောတာပဲ တရုပ်လုပ်ကွန်ပြူတာပစ္စည်းတွေက ညံ့တယ်တဲ့" "အင်းလေ..အမေရိကန်လုပ်..ဂျပန်လုပ် အစစ်တွေလောက်တော့ မကောင်းဘူး.. အမှန်ပဲ.. ဒါပေမယ့် အခုခင်ဗျားရှိတဲ့ပိုက်ဆံနဲ့လည်း အဲဒါမျိုးတွေမဝယ်နိုင်ဘူးဗျ..။ အခု ခင်ဗျားကွန်ပြူတာကိုယ်တိုင်က တရုပ်လုပ်လေဗျာ..။ အလုပ်ဖြစ်ပါတယ်..။ ဆော့ဖ်ဝဲတွေဆိုလည်း အပြင်မှာတရုပ်လုပ်တွေဝယ်တာ ဈေးပိုသက်သာတယ်..သုံးတော့လည်းမထူးဘူး..အတူတူပါပဲ" "အေးဗျာ..ကျနော်က မသိပါဘူး သူများ တွေ ပြောလို့" "ကျနော်လည်း ဖြစ်နိုင်ရင် တခြားဟာတွေသုံးချင်တာပေ့ါဗျ..ဒါပေမယ့် ဒါနဲ့လည်း အလုပ်ဖြစ်နေတာပဲဟာ..။ ငွေပိုကုန်လည်း ကိုယ်ကသုံးမှာ ဒီလောက်ပဲ ဆို တော့ ဒါနဲ့ပဲကိုက်တယ်ဗျ" " အေးလေ.. ဒါဆိုလည်းပြီးတာပဲ... ကောင်းသလိုသာ ကြည့်လုပ်ပေးတော့ဗျာ" သည်လိုနှင့် အနုထည်အကြမ်းထည် နည်းပညာနယ်ပယ်၏ အစိတ်အပိုင်းတချို့ကို ဂရိတ်ဝေါတံတိုင်းကြီး နောက်ခံတွင် မြင်လာနေရသည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြီးကို တောင်အာဖရိကတွင် လုပ်သွားသည်။ ကျနော်က ဘောလုံးပွဲကို ဒီလောက်ဝါသနာမပါလှ။ နံမည်ကြီးအသင်းတွေ ကန်လျှင်တောင် တခါတလေ ပွဲစပွဲဆုံး ကြည့်ဖြစ်ချင်မှ ကြည့်ဖြစ်သည်။ ဒီနှစ် ကမ္ဘာ့ဖလားကတော့ နည်းနည်း ထူးခြားသည်ထင်သည်။ မထင်မှတ်သော အသင်းများက မထင်မှတ်သော အသင်းများကို နိုင်သွားခြင်း၊ ရှုံးသွားခြင်း။ ဘောလုံးလောင်းကစားသူများလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရခြင်း စတာမျိုးတွေကို မဆိုလိုပါ။ ဘောလုံးကန်ကြခြင်းအ ကြောင်း၊ ဘောလုံးသမားများအကြောင်း၊ ဒိုင်များအကြောင်း၊ ဂိုးအရေအတွက်များ အကြောင်းဆိုသည်မှာ ဘောလုံးပွဲအကြောင်းပင်ဖြစ်ပါမည်။ သို့သော် ထိုဘောလုံးပွဲ အကြောင်းများ အပြင် ဘောလုံးပွဲနှင့် တိုက်ရိုက်ဆိုင်ပြီး လူပြောလည်းများသော အခြား အကြောင်းအရာ ၃ ခုလည်းရှိပါသည်။ တခုက ဂျာမနီပြည်က ရေဘဝဲ၊ နောက်တခုက စကင်္ာပူနိုင်ငံက ကြက်တူရွေး၊ နောက်တခုက ဗုဗုဇီလာ။ ထိုရေဘဝဲက ပွဲမစမီ ဘယ်အသင်းနှင့်ဘယ်အသင်းကန်ရင် ဘယ်အသင်းကနိုင်မည် ရှုံးမည်ကိုကြိုဟော၏။ သူ ဟောသလို အမှန် များသည်ဟုလည်း ပြောကြသည်။ တချို့နိုင်ငံတွေက ထိုရေဘဝဲကို မုန်လိုက်တဲ့ရေဘဝဲလေးဆိုပြီးချစ်ကြသလို တချို့ကတော့ ဒီ..ရေဘဝဲစုတ်တော့ ပင်လယ်စာ သုတ်ဖြစ်တော့မယ် ဆိုပြီးကြိမ်း၏။ စင်္ကာပူကြက်တူရွေးကတော့ ရေဘဝဲလောက် လူချစ်လူမုန်းမများသလို လူသိလည်းအတန်ငယ်နည်းသည်။ ပြောတော့ ပြောကြ၏။ နောက်တခုက ဗုဗုဇီလာ။ အာဖရိကန်ရိုးရာ လေမှုတ်တူရိယာ။ ပရိသတ်တွေက အားပေးသည့်အနေဖြင့် ပွဲကြည့်စင်တွေကနေ ဗုဗုဇီလာမှုတ်ကြတာ နားကွဲမတတ်။ ဒိုင်တွေလည်း စိတ်ညစ်၏။ ကွင်းထဲမှာ ဘောလုံးသမားအချင်းချင်းလည်း တယောက်ကိုတယောက်မကြားရတော့။ ဒိုင်ပြောတာလည်း မကြားရ။ နောက်ပိုင်းပွဲတွေမှာ ဗုဗုဇီလာမှုတ်တာတွေကိုတားပေးဖို့ ဘောလုံး အဖွဲ့ချုပ်ကို ဒိုင်တွေ၊ ဘောလုံးသမားတွေ၊ အသင်းနည်းပြတွေက တိုင်သည်။ အဖွဲ့ချုပ်က 'သူတို့ရိုးရာတူရိယာဖြစ်သည်။ တားခွင့်မရှိ။ မတားစကောင်း' ဟု အကြောင်းပြန်သည်။ မကြေမနပ်နှင့် နောက်ဆုံးပွဲသာ ပြီးသွားသည် ဗုဗုဇီလာသံတွေ ကွင်းထဲမှာညံတုန်း။ ဒီနှစ် ကမ္ဘာ့ဖလားမှာ ဗုဗုဇီလာတွေ သန်းချီရောင်းလိုက်ရ၏။ ထုတ်လုပ်သူ၊ တင်ပို့ရောင်းချ သူတွေ တော်တော်လေးပွသွားကြသည်ဆို၏။ ဗုဗုဇီလာကား ရှေးတုန်းက စစ်ချီစစ်တက်ရာမှာ၊ ဘာသာရေးနှင့်လူမှုရေးဓလေ့ထုံးစံ အခမ်းအနားတွေမှာ အာဖရိကတိုက်သားတွေ သုံးသည့်ရိုးရာတူရိယာ။ သူက အာဖရိကမှာမွေးပြီး လူလားမြောက်သည့် အာဖရိကားသားစစ်စစ်။ အခု ထိုအာဖရိကသွေးအစစ် ဗုဗုဇီလာသည် ယန်စီမြစ်ထဲကနေရေကူးပြီး သူ့ဇာတိမြေက ဘောလုံးပွဲအထိဘယ်လိုရောက်လာသည်မသိ။

ကျနော့်နားလည်ထားချက်အရ တိုင်းပြည်တခု၏ အလံနှင့်နိုင်ငံတော်အမှတ်တံဆိပ်ဆိုသည်မှာ ထိုတိုင်းပြည်၏ သင်္ကေတ။ အထွဋ်အမြတ်ပြုရာ။ အလံပေါ်တင်ထားသည့် သင်္ကေတရုပ်တို့ အမျိုးမျိုးဖြစ်နိုင်မည်။ အသေမဟုတ်။ ပြင်လို့ရသည်။ ပြင်လည်းပြင်ကြသည်။ လက်ရှိသင်္ကေတကို လက်ရှိလူတွေက ကြိုက်လို့သုံးနေတာဖြစ်ဖြစ်၊ ကြောက်လို့လက်ခံနေရတာဖြစ်ဖြစ် ကိစ္စမရှိ။ အကြိုက်နှင့်အကြောက်ပြောင်းလျှင် သင်္ကေတရုပ်လည်းပြောင်းသည်။ တိုင်းပြည်တပြည်က အခြားတိုင်းပြည်တပြည်လုံးကို သိမ်းပိုက်ပြီးပြီးခြင်း အရင်ဆုံးလုပ်သည်မှာ အလံကိုလဲလိုက်ခြင်းဖြစ်သည်။ အလံဟောင်းနှင့်အတူ အလံဟောင်း၏ အတိတ်ကို၊ မျိုးချစ်စိတ်ကို ချိုးပြခြင်း ဖြစ်၏။ တချို့နိုင်ငံများ၏ အလံအပေါ် အလေးအမြတ်ပြုမှုက တချို့နိုင်ငံတွေထက် ပို၏။ ဘယ်လောက် ပိုပို ဘယ်လောက်လျော့လျော့ သူတို့အလံကိုမီးရှို့လျှင် ဖောက်ထိုးလွှင့်လျှင် တိုင်းပြည်ကိုထိပါးခြင်းဟု ခံယူကြသည်။ အမေရိကန်အလံကို အတွင်းခံ ဘောင်းဘီလုပ်ဝတ်လို့ရသော်လည်း မည်သူမျှမီးရှို့ခွင့်မရှိ။ တလောကပဲ အာဆီယံခေါင်းဆောင်များနှင့်အမေရိကန်သမတတွေ့ပြီး စီးပွားရေး ကိစ္စများ ဆွေးနွေးသည့်ပွဲတွင် နိုင်ငံတခု၏ အလံကို အမေရိကန်က ဖောက်ထိုးလွှင့်မိသဖြင့် ထိုနိုင်ငံရှိ အမေရိကန်သံအမတ်ကြီးက ထိုနိုင်ငံသားတွေကို တောင်းပန် လိုက်ရသည်။ ၉/၁၁ အမ္ဘာမျှော်စင်ကြီးများနှင့်ပင်တာဂွန်ကို အစ္စလာမ်အစွန်းရောက်အချို့ တိုက်ခိုက်ပြီးနောက်ပိုင်း အမေရိကန်မှာ အလံလွှင့်ထူတာတွေ ပိုများလာသည်ဟု ပြောသံကြားဖူးသည်။ တော်တော်လှမ်းလှမ်းမှပင် မြင်နိုင်လောက်အောင်လွှင့်တင်ထားသည့်ရေမအလံကြီးများ ကျနော်နေသည့် မြို့ကလေးတွင် အမြောက်အများရှိသည်။ တခြားမြို့များတွင်လည်းထိုအတိုင်း။ "အရင်က အဲဒီအလံကြီးတွေမရှိ" ဟု မြို့ခံတွေကပြောပြသည်။ ၉/၁၁ အပြီးမှာ အမေရိကန်တွေ သူတို့အလံကိုပိုပြီး ချစ်လာကြတာများလားဟု ကျနော်တွေးမိသည်။ အလံသည် တိုင်းပြည်၏သင်္ကေတ။ အလံကို ချစ်ခြင်းသည် တိုင်းပြည်ကိုချစ်ခြင်း။ အလံကို ရေကူးဝတ်စုံချုပ်ဝတ်ထားသည့် အမေရိကန်မတဦးကို "ဘာလို့အဲသလိုဝတ်လာလဲ.." ဟု မေးကြည့်တော့ "ငါတို့အလံကိုမြတ်နိုးလို့ပေ့ါ.." ဟုအဖြေပြန်ပေးသည်။ ချစ်ပုံချစ်နည်းများကွာသလော ဟုတွေးစရာကောင်းသည်။

ကျနော် ပြီးခဲ့သည့်အပတ်က ကိစ္စတခုဖြင့်မြို့ပြင်ဘက်နားရောက်သည်။ အပြန်ကျတော့ လိုက်ပို့ပေးသူက အလာတုန်းကနဲ့ မြင်ကွင်းမတူအောင် အခြားလမ်းက မောင်းပြီးပြန်မည်ဆိုသည်။ အလာတုန်းကလမ်းမှာ စက်ရုံအလုပ်ရုံတွေ မတွေ့ရသလောက် အပြန်လမ်းကြတော့ ပေါလိုက်သည့်စက်ရုံများ။ ကားအသွားအလာကလည်းထူသည်။ ဟိုနားမီးပွိုင့်မိလိုက် ဒီနားမိလိုက်နှင့်ဆိုတော့ ခရီးသိပ်မတွင်လှ။ ကျနော်ကတော့ ကြိုက်သည်။ ဘေးဘီကို ကြာကြာလေး ကြည့်လို့ရသည်။ ဖတ်လို့မီသမျှ ကြော်ငြာဆိုင်းဘုတ် တွေကိုဖတ်ရင်း မရှင်းတာတွေ သူ့ကိုမေးရသည်။ စက်ရုံကြီးတခုနားရောက်တော့ မီးပွိုင့်အကြာကြီး မိသည်။ စက်ရုံကြီးဘေးမှာ စက်ရုံငယ်လေး တွေလည်းမြင်ရသည်။ သည်မှာ ကျနော် ဆိုင်းဘုတ်တခုဆီမျက်စေ့ရောက်သွားသည်။ Here!!! American Flags, Made in America, Buy one, Get one Free. သဘောကတော့ "ဟောဒီမှာ အမေရိကန်လုပ် အမေရိကန်အလံတွေနော်၊ တခုဝယ်ရင် တခုအလကားရမယ်" ဆိုခြင်းပင်။ ဖတ်ပြီး သူ့ကိုလှည့်မေးမယ်အလုပ်မှာပဲ သူက ရယ်ပြီး "ဘာလဲ.. မျိုး.. မင်း အံ့သြ သွားလား.."တဲ့..ကျနော်က "အင်း.." ဆိုတော့။ "ဒို့ဆီမှာ အခုသုံးနေတဲ့ အမေရိကန်အလံတွေအများစုက တရုပ်ပြည်ကနေတင်တာလေ. ဒီမှာလုပ်တာနဲ့ ဟိုကလာတာနဲ့ ဈေးကတော်တော်ကွာတယ်ကွ။ အရည်အသွေးကတော့ သိတ်မထူးပါဘူး.. ငါတို့လည်း တရုပ်လုပ်အမေရိကန်အလံတွေပဲ အသုံးများတယ်။ ကုန်တိုက်ကြီးတွေမှာ တင်ထားတဲ့ အရွယ်စုံဆိုက်ဇ်စုံ အလံတိုင်းလိုလိုတရုပ်လုပ်တွေပဲလေ..." တဲ့။ ပြောပြနေသည့် သူ့အမူအရာနှင့်လေသံတွင် ထူးထူးခြားခြားမရှိ။ ပြောရိုး ပြောစဉ်ကိစ္စတခုလို။ ကျနော်ကသာ တွေးနေမိသည်။

"မင်းကလည်းကွာ..တခြားပစ္စည်းတွေကတော့ထားပါတော့..ကိုယ့်နိုင်ငံအလံပဲဟာ..ကိုယ့်တိုင်းပြည်ကလုပ်တဲ့ဟာကို ဝယ်သုံးတာပိုမကောင်းဘူးလား" "ဘာဖြစ်လို့လဲကွ.. အလံပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်လေ.. ကုန်ပစ္စည်းပဲမဟုတ်လား.. အရည်အသွေးတူပြီးဈေးသက်သာရင် သက်သာတာကိုပဲ ဝယ်မှာပေါ့.. နောက်တခုကလည်း ငါတို့မှာ အရင်တုန်းကလောက် ဝင်ငွေအာမခံချက်လည်း သိပ်မသေချာဘူးလေကွာ..တိုင်းပြည်အလုပ်လက်မဲ့ပြဿနာနဲ့ စီးပွားရေးအခြေအနေကလည်း မင်းသိတဲ့အတိုင်းပဲလေ.. မင်းဆိုရင်ကော.."တဲ့။ ကျနော် ဘာမှပြန်မပြောဖြစ်ခဲ့။

စက်မှုလုပ်ငန်းများတဟုန်ထိုးတက်လာပြီး စက်မှုအရင်းရှင်ကြီးများ ကမ္ဘာပတ်အမြတ်ရှာနေချိန်။ အိမ်တွင်းမှုနှင့်အမျိုးသားပိုင် တနိုင်လုပ်ငန်းလေးများ နေညိုစ။ စက်ယက္ကန်းများက လက်ယက္ကန်းများကိုတွန်းတိုက်ဖယ်ချစ။ လက်လှည့်ဗိုင်းငင်စက်ကလေးတလုံးနှင့်မဟာတ္တမဂန္ဒီကြီး။ ပြည်တွင်းဖြစ်ကို အားပေးပါ ကြွေးကြော်သံနှင့်ပွဲဝင်ခဲ့သည့် ဗမာပြည်ဝံသာနုခေတ် အမျိုးသားရေးလှုပ်ရှားမှု။ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ဘုံဝါဒတည်ဆောက်ခြင်း၊ တံခါးဖွင့်ဝါဒ၊ ဈေးကွက်စီးပွားရေး၊ ဂလိုဘယ်လ်လိုက်ဇေးရှင်း၊ စီးပွားရေးအကျပ်အတည်းများ၊ ငွေကြေးဈေးကွက်ပြိုလဲခြင်း၊ ငွေတန်ဖိုးအနိမ့်အမြင့်၊ ပါဝါအပျော့ အမာ စသည့် ကျနော်နားမလည်သည့် ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြင့် ရှေ့သို့တရွေ့ရွေ့ ရွေ့နေသည့်ကမ္ဘာမြေကား ကျနော်တို့ ကားလေးနှင့်အတူ ကျနော့်အတွေးများနှင့်အတူ လိုက်ရွေ့နေပါပကော။

မျိုးမြင့်ချို